မည်သူမဆို ငါကိုယ်တော်မြတ်ထံမှဟဒီးဆ်တော်တစ်ပုဒ်ကို
ဆင့်ပြန်ခဲ့ရာ ယင်းဟဒီးဆ်သည်
ငါကိုယ်တော်၏ဟဒီးဆ်မဟုတ်ဟု ထင်ရသော ဟဒီးဆ်ဖြစ်နေပါက
ထိုဆင့်ပြန်သူသည် ဟဒီးဆ်ကို တီထွင်ပြောကြားသူ
သို့မဟုတ်ဆင့်ပြန်သူစသည့်
မုသားပြောသူနှစ်ဦးအနက်မှတစ်ဦးဖြစ်သည်။
စမုရဟ်ဗင်န်သုဂျုန်ဒုဗ်နှင့်မုဂီရဟ်ဗင်န်ရှုအ်ဗဟ်(ရဿွိယလ္လာဟုအန်ဟုမာ)တိုက
ဆင့်ပြန်သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်
(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်တော်မူသည် မည်သူမဆို
ငါကိုယ်တော်မြတ်ထံမှဟဒီးဆ်တော်တစ်ပုဒ်ကို ဆင့်ပြန်ခဲ့ရာ ယင်းဟဒီးဆ်သည်
ငါကိုယ်တော်၏ဟဒီးဆ်မဟုတ်ဟု ထင်ရသော ဟဒီးဆ်ဖြစ်နေပါက ထိုဆင့်ပြန်သူသည် ဟဒီးဆ်ကို
တီထွင်ပြောကြားသူ သို့မဟုတ်ဆင့်ပြန်သူစသည့်
မုသားပြောသူနှစ်ဦးအနက်မှတစ်ဦးဖြစ်သည်။
[صحيح] [رواه مسلم في مقدمته]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ရှင်းလင်းတင်ပြထားသည်မှာ အကြင်သူသည်
ကိုယ်တော်မြတ်ထံတော်မှ ဟဒီးဆ်တော်တစ်ပုဒ်ကို ဆင့်ပြန်ရာ၌ ယင်းဟဒီးဆ်သည်
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)နှင့်ပတ်သက်၍လိမ်လည်လုပ်ကြံထားသောဟဒီးဆ်
ဖြစ်ကြောင်း သိရှိပြီး သိုမဟုတ် ထင်ရပြီး ဆင့်ပြန်ပါက ထိုဆင့်ပြန်သူသည်
ဤလိမ်လည်မှုကိုစတင်ဖော်ထုတ်ခဲ့သူနှင့်အတူပါဝင်သူဖြစ်ကြောင်းသတ်မှတ်ရပေမည်။
https://www.sunnah.global/hadeeth/my/show/6982